အသင်းတော်ဖြစ်သော်လည်း အိမ်နီးချင်းတွေရဲ့အသက်တာ ပြောင်းလဲအောင် ဘယ်သူက ခွင့်ပြုခဲ့သလဲ။ သူတို့အလှူတော်ငွေဟာ ဘာတွက် အသုံးပြုခဲ့သလဲ။ အသင်းတော်တွက် ဘယ်လောက်ကုန်ကျသလဲ။ ဘယ်လောက်ကြီးအောင် လုပ်ခဲ့သလဲ။ အသင်းတော်ဟာ ဘယ်လောက်ထိတည်ကြည်ခိုင်ခံ့ခဲ့သလဲ။ ဘယ်လောက်ကောင်းအောင်လုပ်ခဲ့သလဲ။ ရိုးစင်းသော်လည်း ဆယ်နွယ်မှုနှင့် တန်ခိုးတော်၊ ကူးစက်ပျံ့ပွားမှုရှိတယ်။

ကျမ်းတတ်ပုဂ္ဂိုလ်တွေက အသင်းတော် အခြေခံလိုအပ်ချက် (၅)ချက်ဖြစ်သော ဝတ်ပြုခြင်း၊ ဧဝံကလိ၊ တပည့်တော်၊ သာသနာနှင့် ပတ်ဝန်းကျင်တို့ဖြစ်သည်ဟု ဖော်ပြသော အချက်များကို သမ္မာကျမ်းစာ၌ အသင်းတော်၏လက္ခဏာ (သို့) လက်တွေ့ပြုခြင်း၊ အသင်းတော်တည်ဆောက်ခြင်းစသည်တို့ကို ဖြည့်စွက်သော်လည်း အထက်ပါအချက် (၅)ချက်အတွင်း၌သာ အံဝင်ခွင်ကြဖြစ်ရမည်။ ကျမ်းစာဖတ်ပြီး ဝိညာဉ်တော်လမ်းပြခြင်းကိုခံယူပြီး အသင်းတော်၌ရှိသင့်သော အခြေခံကျသော အသင်းတော်ဖြစ်လာရန်ဖြစ်သည်။ အသင်းတော်၏ အနက်အဓိပ္ပါယ်မှာ - အသင်းတော်ဆိုတာ သူတို့ဘဝအသက်တာ၌ သူတို့ဟာ ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်တယ်လို့ ခံယူပြီး၊ နားလည်ပြီး၊ အပြည့်ဝလုပ်ဆောင်၍ ခရစ်တော်နောက်သို့ လိုက်သောသူများ အဖွဲ့ကိုခေါ်သည်။

**ဘာသာပြန်သူ ၊ ဆရာအောင်ကျော်မိုး**

**သာကေတ။**

## အသင်းတော်ဟူသော ခရစ်တော်၏ခန္ဓာကိုယ်တည်ဆောက်ခြင်း

အုပ်စုလိုက်သူငယ်ချင်းများ (နှင့် မိသဟာယဖွဲ့တဲ့အဆင့်ထိမရှိသေးသူများ) ၌လည်း ခရစ်တော်၏ခန္ဓာကိုယ်၊ "သူတို့အသက်ရှင်နေတဲ့နေရာမှာပင်" ပြောင်းလဲသောဘဝဖြစ်လာနိုင်တယ်။ သူတို့တွေဟာ လစ်လျူရှုခံရသာ သူငယ်ချင်းများကြားတွင် လက်များ၊ နှလုံးသား အသံနှင့် ဂရုဏာများဖြစ်လာသည်။

ဝိညာဉ်ရေးရာ ဆာလောင်နေသော သူစိမ်းများ၊ အသိများ၊ သူငယ်ချင်းများနှင့် မိတ်ဆွေကြားတွေ့ဆုံမှုရှိရန် ဘုရားသခင်ဆီဆုတောင်းပါ။ အသင်းတော်ဖြစ်လာတဲ့အထိ ဆက်ဆုတောင်းပါ။ ဆက်ပြောပါ။ ဝေငှာပါ။ ထိုသူတို့နှလုံးသားဖွင့်ရန်၊ လူမှန်တွေနဲ့တွေ့ရန်၊ ဝိညာဉ်တော်ကိုအားကိုးပါ။ တချို့တွေ့ ခရစ်ယာန်တော့ ဖြစ်လာသေးမှာမဟုတ်ပါ။ စိုးရိမ်ခြင်းမရှိဘဲ ဘုရားကိုဆာငတ်တဲ့ ပုဂ္ဂိုလ်တွေပို့ဆောင်တဲ့ထိ ဘုရားပေါ်၌ စောင့်နေပါ။

၁။ အိမ်၊ တိုက်ခန်း၊ ပန်းခြံ၊ ကော်ဖီဆိုင် စသည်တို့၌စုဝေးပါ။ အဖွဲ့လိုက်ပါဝင်နိုင်၊ တွေ့နိုင်မယ့်နေရာမှာစုဝေးပါ။

၂။ ပထမကြိမ်တွေ့ဆုံတဲ့အချိန်၌ပင်(အသင်းတော်)ခရစ်တော် ခန္ဓာကိုယ်လုပ်ဆောင်ချက်အပြည့်ရှိရန် ရှာဖွေပါ။ အသင်းတော်ဆိုတဲ့စကားလုံးမသုံးဘဲ အသင်းတော်၏ ဘဝအခြေခံ (၅)ချက်ကို တွေ့ကြုံခံစားနိုင်ရန် အဖွဲ့သားတွေကို သင် ဦးဆောင်နိုင်ပါသည်။ (လက်တွေ့ကျသော အကြံဉာဏ်များတွင်ကြည့်ပါ)

၃။ လက်ရှိတွေ့ဆုံသူများနှင့် ခရစ်တော်ကို ဆာငတ်စိတ်ဘုရားပေးပြီးသား တခြားသူများတွေလည်း အမြဲပါဝင်လာနိုင်အောင် စုဝေးတိုင်းမှာ ဆုတောင်းပါ။

၄။ မိတ်ဆွေနဲ့အတူလုပ်ဆောင်၍၊ တခြားအဖွဲ့ကိုပြန်စတင်နိုင်သော အတွင်းလူထွက်ပေါ်လာအောင် ဘုရားဆီ ကိုယ်တိုင်ဆုတောင်းပါ။ ပြီးနောက် အဖွဲ့သားတွေကို ဦးဆောင်စဉ် မိမိကိုအကြံဉာဏ်ပေးနိုင်သူ ပေါလုကဲ့သို့သူကို ရှာဖွေပါ။

## ခရစ်တော်၏ခန္ဓာကိုယ်၌ အခြေခံကျသောလုပ်ဆောင်ရန်အတွက် လက်တွေ့ကျသော အကြံဉာဏ်များ

၁။ မိတ်ဆွေဖွဲ့ခြင်းကိုပံ့ပိုးခြင်း - တစ်ဦးနှင့်တစ်ဦး ဆုတောင်းပေးပြီး၊ ဘဝအတွေ့အကြုံများကို ဝေငှပါ (က) တပတ်တာလုံးလောက၌ဖြစ်ပျက်သမျှကို ဝေငှခြင်း (ခ) ဘဝ၌ ဘုရားလုပ်ဆောင်ပေးသောအရာ၊ နေ့စဉ်အသက်ရှင်ခြင်းအပေါ်၌ နှိမ့်တလှည့်၊ မြင့်တလှည့်ကြုံရသောအရာကို တယောက်နဲ့တယောက် စာနာစိတ်ထားပါ။ ဤအစီစဉ်ပြီးတွင် စားစရာလေးရှိအောင်ကြိုးစားပါ။

၂။ စစ်မှန်သောဝတ်ပြုခြင်း - (က) ဂီတ၊ ဂီတာ၊ CD၊ ဗီဒီယို စသည်တို့သုံးတဲ့အခါ ဘုရားကြီးမြတ်ခြင်းအပေါ်၌သာ ဦးတည်ပါ (ခ) ပန်းချီ (ဂ) ငြိမ်သက်သော (ဃ) သဘာဝ (င) တပတ်တာ၌ကြုံရသော ဘုရားကြီးမြတ်ခြင်း၊ ဝေမျှခြင်း (စ)ကတိတော်နှင့်ဆိုင်သော ကျမ်းပိုဒ်များ စသည်တို့ဖြစ်သည်။

၃။ နာခံမှုကို အခြေခံသော တပည့်ဖြစ်ခြင်း - သမ္မာကျမ်းစာအတိုင်း လက်တွေ့အသက်ရှင်ပါ။ အဖွဲ့လိုက်စုပြီး ဆွေးနွေးရမည့်အရာများမှာ (က)ဘုရား (ခ) မိမိအကြောင်း (ဂ)အခြားသောအရာများ (ဃ) ဘဝအကြောင်းစသည်တို့ဖြစ်သည်။ လက်တွေ့လုပ်ဆောင်နိုင်သောကျမ်းစာများ ဆာလံ၊ မဿဲ ၅-၇၊ ယောဟန် ၈၊ အလာတိ၆၊ ဖိလပ္ပိ (သို့) ယာကုပ် စသည်တို့ကို ရွေးထုတ်ပါ။



၄။ **အသက်တာအားဖြင့် ဧဝံဂေလိလုပ်ဆောင်ခြင်း**

ခရစ်ယာန်အပြည့်ဝမဟုတ်သူများကိုလည်း သူတို့အသက်တာ၌ ခရစ်တော်ဘယ်လိုအလုပ်လုပ်ကြောင်း ကြားမြင်စေပါ။ လူတိုင်းကို ဘုရားနှင့် တကယ်လျှောက်လှမ်းနေ၍ မိတ်သဟာယဖွဲ့သော အသက်တာထိ ပြုစုပျိုးထောင်ပါ။ အဖွဲ့လိုက် စုဝေးရာ၌ သူတို့ရဲ့အတွေ့အကြုံအားဖြင့် ဘုရားဆီသို့ ချဉ်းကပ်စေပါ။

၅။ **အစေခံစိတ်ဖြင့် ဂရုစိုက်ခြင်း**

ခရစ်တော်က သူတပါးကို ကူညီသကဲ့သို့ ကိုယ်တိုင်ကလည်း သူတပါးကို ကူညီရန် အခွင့်ရေးများ ရှာဖွေပါ။ (မဿဲ ၂၅း၃၅-၃၆)။ သာသနာပြုလုပ်ငန်းစီမံကိန်းရေးဆွဲပါ။ ဒုက္ခရောက်သူ တစ်ယောက်ကို ကူညီပါ။ အစည်းအဝေးတိုင်း၌ အလှူတော်ငွေကောက်ခံပြီး အဖွဲ့လိုက်စည်းဝေးနေချိန် အဘယ်ကဲ့သို့ အသုံးပြုရန် ဆုံးဖြတ်ပါ။

## ပြစ်ကိလနှင့် အာကုလတို့၏အသင်းတော်များ

သူတို့အသက်မွေးဝမ်းကျောင်းကို သူတို့ဘယ်လိုလုပ်ခဲ့သနည်း (တမန် ၁၈း၃)။ သူတို့အိမ်ဘယ်လောက်ကြီးသလဲ။ ပရိဘောဂတွေက ဘာနှင့်တူသလဲ။ အိမ်အသင်းတော်၌ လူဘယ်နှစ်ယောက်ဆန့်သလဲ။ ဘယ်လိုပုံစံနှင့် ဝတ်ပြုကြသလဲ။ လူတွေကို တပည့်ဖြစ်စေသလား၊ ဧဝံကလိလုပ်သမား။ တခြားတွေဆီသို့ သာသနာလုပ်သလား။ အသိုင်းဝန်းတစ်ခုဖြစ်အောင် အတူတကွရှိသလား။ သူတို့တွေဟာ အခြေခံသာဖြစ်သော်လည်း ဘုရားသခင်သည် အသင်းတော်အဖြစ် အတည်ပြုခဲ့သည်။ သူတို့ခေါင်းဆောင် ဘယ်လိုပြင်ဆင်ခဲ့သလဲ (၂တိ ၂း၂)။ ရိုးစင်းသော